နောက်ဆက်တွဲ(က)

## ငါးမှုန့်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Vantage Co.,Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အင်းလေးမြိုင်(မြိတ်) စက်မှုဇုန်၊ မြေဧရိယာ (၅) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ငါးမှုန့်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၏ ၁၉-၁၁-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၂/၇/၆(၀၁-၀၈) (၁၄၆၇ / ၂၀၂၁) ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးစိုင်းသန်းအောင်၊ မန်နေးဂျင်းဒါရိုက်တာ၊ Vantage Co.,Ltd၊ အင်းလေးမြိုင်(မြိတ်) စက်မှုဇုန်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများအား ဝယ်ယူခြင်း၊ ဘွိုင်လာများဖြင့် ချက်ပြုတ်ခြင်း၊ စက်များဖြင့် ဖိခြင်း၊ အခြောက်ခံသည့် အခန်းတွင် အခြောက်ခံခြင်း၊ အအေးခန်းထဲတွင် အေးခဲစေခြင်း၊ ကြိတ်ခွဲခြင်း၊ ပါကင်ထုပ်ပိုး၍ ရောင်းချခြင်း တို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းအတွက် ကုန်ကြမ်းအနေဖြင့် ရေငံငါးအမျိုးမျိုး ဖြစ်သော (သေးငယ်သောငါး၊ ငါးပါးနီ၊ ငါးသေတ္တာငါး၊ ငါးသေးအမျိုးမျိုး၊ ခေါင်းဖြတ်ထားသောငါး) တို့ဖြစ်ပြီး တစ်နှစ်လျှင် (၃၂,၃၀၀) တန်ခန့် အသုံးပြုမည်ဖြစ်ပြီး တစ်နှစ်လျှင် ရေဂါလန် (၄) သိန်းခွဲခန့်၊ လျှပ်စစ်အသုံးပြုမှု (၃၅၀) ကီလိုဝပ်၊ ဓာတ်ဆီ (၂၄,၀၀၀) ဂါလန်ခန့်၊ ဒီဇယ် (၆၃၀,၀၀၀) ခန့်၊ စက်ဆီ၊ ချောဆီ(၃၀၀) ဂါလန်ခန့်၊ ထင်းအသုံးပြုမှု (၁၆,၃၀၀) တန်ခန့် အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အင်းလေးမြိုင်(မြိတ်) စက်မှုဇုန်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် တည်ရှိပါသည်။

